ကလေးများအတွက် သမ္မာကျမ်းစာ
တင်ဆက်သည်

# ဘုရားသခင် ကမ္ဘာလောကကို
# ဖန်ဆင်းစဉ်က



ရေးသားသူ: Edward Hughes

ပုံရေးဆွဲသူ: Byron Unger; Lazarus

ဆီလျော်အောင်ရေးသားသူ: Bob Davies; Tammy S.

ဘာသာပြန်သူ: Martin Lalthangliana

ထုတ်လုပ်သူ: Bible for Children
www.M1914.org

©2014 Bible for Children, Inc.
ခွင့်ပြုချက် ဤစာအုပ်ကို တစ်ဆင့်ပြန်လည်ရောင်းချခြင်းမပြုသ၍ ကူးယူခြင်း (သို့) ပုံနှိပ်ခြင်းကို ခွင့်ပြုသည်။

ကျွန်ုပ်တို့ကို မည်သူဖန်ဆင်းသနည်း။

ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာကျမ်းက

လူသားမျိုးနွယ်စတင်လာပုံကို ဖော်ပြသည်။



လွန်ခဲ့သောနှစ်ပေါင်းများစွာက ဘုရားသခင်သည်
ပထမဆုံးသောလူသားကိုဖန်ဆင်း၍
အာဒံဟုမည့်ခေါ်ခဲ့သည်။ အာဒံကို မြေမှုန့်ဖြင့်
ဖန်ဆင်းခဲ့သည်။



ဘုရားသခင်သည် အာဒံ၏ခန္ဓာထဲ
အသက်လေကိုမှုတ်သွင်းသော် အသက်ရှိသောလူသား
ဖြစ်လာသည်။ အာဒံသည် အလွန်တစ်ရာလှပသော
အေဒင်ဥယျာဉ်တွင်
နေထိုင်လေသည်။



ဘုရားသခင်သည် အာဒံအားမဖန်ဆင်းမီက ဆန်းပြားသောအရာအမျိုးမျိုးဖြင့် လှပသော ကမ္ဘာကို ဖန်ဆင်းခဲ့သည်။ ထိုမှ တစ်ဆင့်ပြီးတစ်ဆင့် တောင်များနှင့်လွင်ပြင်များ၊



မွှေးပျံ့သော ပန်းများနှင့်သစ်ပင်ကြီးများ၊
တောက်ပသောအတောင်ရှိသောငှက်များနှင့်
ပျားပုတုန်းများ၊ လူးလိမ့်နိုင်သောဝေလငါးကြီးများနှင့်
ခရုများကိုဖန်ဆင်းခဲ့သည်။



အကယ်စင်စစ် ဘုရားသခင်သည်
ရှိရှိသမျှသောအရာအားလုံးကို
ဖန်ဆင်းတော်မူလေသည်။



အစအဦးတွင်

ဘုရားသခင်ဖန်ဆင်းခြင်းမစတင်မီက

ဘုရားသခင်မှလွဲ၍

မည်သည့်အရာမျှမရှိပါ။

မည်သည့်လူသား

(သို့) နေရာများ

(သို့) အရာဝတ္ထုများမှ

မရှိပါ။ အလင်းရောင်နှင့်

အမှောင်ထုများ လည်း မရှိပါ။



တက်ခြင်း၊
ဆင်းခြင်းများလည်း
မရှိပါ။ မနေ့ကနှင့်
မနက်ဖြန်လည်း
မရှိပါ။ ဖန်ဆင်းခြင်းကို
စတင်ခြင်းမရှိသော
ဘုရားသခင်တစ်ဦးတည်းသာ
ရှိလေသည်။ ထို့နောက် ဘုရားသခင်သည်
ဖန်ဆင်းခြင်းကို စတင်လေသည်။



အစအဦးတွင် ဘုရားသခင်သည်
ကောင်းကင်နှင့်မြေကြီးကို
ဖန်ဆင်းတော်မူသည်။

ဘုရားသခင်သည်
အလင်းကိုနေ့အဖြစ်သတ်မှတ်၍
အမှောင်ကိုညအဖြစ် . . .



. . .  သတ်မှတ်လေသည်။ထို့အပြင်
အမှောင်ထုသည်
နက်ရှိုင်းစွာဖြင့်
ဖုံးအုပ်လျှက်ရှိသည်။



ထို့နောက် ဘုရားသခင်သည်
“အလင်းဖြစ်တည်လော့”
ဟု ဆိုလေသည်။



ထို့နောက် အလင်းသည် ဖြစ်တည်လေသည်။
ဘုရားသခင်သည် အလင်းကို နေ့အဖြစ်သတ်မှတ်၍
အမှောင်ကို ညအဖြစ်သတ်မှတ်လေသည်။ ထို့နောက်
နံနက်ခင်းနှင့် နေ့လည်ခင်းတို့သည်
ပထမနေ့ဖြစ်လေသည်။



ဒုတိယနေ့တွင် ဘုရားသခင်သည်
ကောင်းကင်အောက်ရှိ သမုဒ္ဒရာ၊ ပင်လယ်နှင့်
ချောင်းများကို ရေများနှင့်ပြည့်စေလျက်
စီရင်လေသည်။ တတိယနေ့တွင် ဘုရားသခင်သည်



“ခြောက်သွေ့သော မြစ်များကိုဖြစ်ပေါ်စေ” ဟု
မိန့်တော်မူရာ မိန့်တော်မူသည့်အတိုင်း
ဖြစ်တည်လေသည်။

ဘုရားသခင်သည် မြက်ပင်များ၊
ပန်းပင်များ၊
ချုံပုတ်များနှင့် . . .



. . . သစ်ပင်များကိုပေါက်ရောက်ရန်
မိန့်တော်မူ၍ . . .





. . . မိန့်သည့်အတိုင်းပေါက်ရောက်လေသည်။
ထို့နောက် နံနက်ခင်းနှင့်
နေ့လည်ခင်းတို့သည်
တတိယနေ့ဖြစ်လေသည်။

ထို့နောက် ဘုရားသခင်သည် နေ၊ လ နှင့်
လူတို့ရေတွက်ရန်မတတ်နိုင်သော
ကြယ်များကို ဖန်ဆင်းလေသည်။
ထို့နောက် နံနက်ခင်းနှင့်
နေ့လည်ခင်းတို့သည်
စတုတ္ထနေ့ဖြစ်လေသည်။



ပင်လယ်သတ္တဝါများ၊
ငါးများနှင့် ငှက်များသည်
ဘုရားသခင်နောက်ထပ်ဖန်ဆင်းရန်
အရာများဖြစ်သည်။



ပဉ္စမနေ့တွင်
အလွန်တစ်ရာကြီး-
မားသောငါးမန်းနှင့်
သေးငယ်သောဆာဒင်း ငါးများ၊
ခြေတံရှည်ငှက်ကလားအုတ်များနှင့်
သီချင်းဆိုတတ်သောငှ-
က်ကလေးများကို
ဖန်ဆင်း ခဲ့သည်။



ဘုရားသခင်သည်
ငါးမျိုးစုံကိုဖန်ဆင်းလျက်
ပင်လယ်ရေကိုပြည့်စေပြီး
ငှက်မျိုးစုံကို မြေပြင်၊ ရေပြင်နှင့်
ကောင်းကင်တစ်ခွင်-
တွင်ပျော်မြူးစေရန်
ဖန်ဆင်းလေသည်။
ထို့နောက် နံနက်ခင်းနှင့်
နေ့လည်ခင်းတို့သည်
ပဥ္စမနေ့ဖြစ်လေသည်။



ထို့နောက် ဘုရားသခင်သည် ဤသို့မိန့်တော်မူ၏ -
"ကမ္ဘာမြေပြင်တစ်ခုလုံး သက်ရှိများနှင့်
ပြည့်စုံစေလျက်. . . . ." တိရိစ္ဆာန်မျိုးစုံနှင့်
အင်းဆက်များ၊ . . .



. . . တွားသွားသတ္တဝါများဖြစ်ပေါ်လာကြသည်။

ကမ္ဘာမြေပြင်လှုပ်ခါသွားနိုင်သောဆင်များနှင့်

အလုပ်ရှုပ်နေသောဖျံများ၊

အလွန်ဆော့သောမျောက်များ နှင့်

စည်းကမ်းမရှိသောမိချောင်းများ၊ . . .



. . . အလွန်ရှည်သောတီကောင်များနှင့်
မထီလေးစားသောရှဥ့်များ၊
လည်တံရှည်သောဌက်ကုလားအုတ်များနှင့် ကြောင်များ၊
တိရိစ္ဆာန်မျိုးစုံကို ဘုရားသခင်သည် ဖန်ဆင်းခဲ့သည်။



ထို့နောက် နံနက်ခင်းနှင့် နေ့လည်ခင်းတို့သည် ဆင္ဘမနေ့ဖြစ်လေသည်။



ဘုရားသခင်သည်
ဆဋ္ဌမနေ့တွင်အလွန်တစ်ရာထူးခြားသော
အရာတစ်ခုကိုဖန်ဆင်းခဲ့သည်။
အရာအားလုံးသည်
လူသားအတွင်အဆင-
်သင့်ဖြစ်နေလေပြီ။



အစာဖြင့်ပြည့်နေသောလယ်ကွင်းများနှင့်
သူစားသုံးနိုင်သောတိရိစ္ဆာန်များရှိနေပြီးဖြစ်သည်။
ထို့နောက်ဘုရားသခင်က
“ငါတို့နှင့်တူသော
လူကို ဖန်ဆင်းစို့။



ကမ္ဘာမြေပြင်တစ်ခုလုံးရှိသမျှက
ို စိုးပိုင်ရသောအခွင့်ကိုပေးစို့”
ဟုမိန့်တော်မူ၏။ ထို့ကြောင့်
ဘုရားသခင်သည်
သူနှင့်တူသောလူကို-
ဖန်ဆင်းခဲ့သည်။



ဘုရားသခင်သည်
အာဒံအား
"ဥယျာဉ်ထဲရှိသမျှသောအရ
သအားလုံးကို စားသုံး
နိုင်သည်။ သို့ရာတွင်
အကောင်းအဆိုးကို
ခွဲခြားနိုင်သောအပင်မှ
အသီးကို မစားရ။



ထိုအပင်မှ
အသီးကို
စားလျှင်
မုချသေဆုံးရမည်”
ဟု မိန့်တော်မူ၏။



ဘုရားသခင်က

"လူသားသည်တစ်ယောက်တည်းနေလျှင်မကောင်း။

သူ့အတွက် အထောက် အကူကို

စီစဉ်မှသင့်ချေမည်" ဟု

မိန့်တော်မူ၏။



ဘုရားသခင်သည်
ငှက်များနှင့်သားရဲတိရိစ္ဆာန်များ
ကို အာဒံထံသို့ ပို့ဆောင်လေ၏။



အာဒံသည် ထိုအရာများကို
နာမည်မှည့်လေ၏။
ဤသို့ပြုရန်အတွက်
သူသည် အလွန်တစ်ရာမှ
ဉာဏ်ထက်မြက်ပုံရလေသည်။



သို့ရာတွင်
ထိုအရာများထဲတွင်
သူနှင့်သင့်တော်သော
အထောက်အကူတစ်ယောက်မျှမရှိပေ။





ဘုရားသခင်သည် အာဒံအား
ကြီးစွာအိပ်မောကျစေလေသည်။
အိပ်မောကျနေသောသူ၏
နံရိုးကိုယူလျက် ထိုနံရိုးဖြင့်
ဘုရားသခင်သည်
လူမိန်းမကိုဖန်ဆ-
င်းလေသည်။

ဘုရားသခင် ဖန်ဆင်းသော လူမိန်းမသည်
အာဒံအတွက်လွန်စွာသင့်လျော်သော
အထောက်အကူဖြစ်လေသည်။



ဘုရားသခင်သည် အရာအားလုံးကို
ခြောက်ရက်အတွင်းဖန်ဆင်းခဲ့သည်။



ထို့နောက် ခုနှစ်ရက်မြောက်နေ့ကို
ဘုရားသခင်သည် သန့်ရှင်းစေလျက်
ဥပုသ်နေ့အဖြစ်သတ်မှတ်လေသည်။



ဧဒင်ဥယျာဉ်တွင်
အာဒံနှင့်သူ၏မိန်းမဧဝတို့သည်
ဘုရားသခင်၏စကားကိုနားထောင်လျက်
ပျော်ရွှင်စွာ နေထိုင်ကြလေသည်။



ဘုရားသခင်သည် သူတို့၏သခင်၊
စောင့်ရှောက်သူနှင့်
မိတ်ဆွေဖြစ်လေသည်။



ဘုရားသခင် ကမ္ဘာလောကကို ဖန်ဆင်းစဉ်က

ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာကျမ်းစာမှ ပုံဝတ္ထု

တွင်တွေ့ရသည်။

ကမ္ဘာဦးကျမ်း ၁-၂

“နှုတ်ကပတ်တော်သို့ဝင်ရောက်ခြင်းသည် အလင်းကိုပေးသည်။”
ဆာလံကျမ်း ၁၁၉း၁၃၀

ပြီးဆုံးသည်။

This Bible story tells us about our wonderful God who made us and who wants us to know Him.

God knows we have done bad things, which He calls sin. The punishment for sin is death, but God loves us so much He sent His Son, Jesus, to die on a Cross and be punished for our sins. Then Jesus came back to life and went home to Heaven! If you believe in Jesus and ask Him to forgive your sins, He will do it! He will come and live in you now, and you will live with Him forever.

If you want to turn
from your sins, say this to God:
Dear God, I believe that Jesus died for me and now lives again. Please come into my life and forgive my sins, so that I can have new life now, and one day go to be with You forever. Help me to live for You as Your child. Amen.

Read the Bible and talk with God every day! John 3:16